E-book is created by *shanyoma*

# သံဖြူဇရပ်နှင့်ဆက်စပ်နေသည့်သမိုင်းကြောင်း

(နိုင်ပန်းလှ)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ၏ အခြေခံဥပဒေသစ်အရ မော်လမြိုင်ခရိုင်နှင့်သထုံခရိုင်ကို မွန်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့သဖြင့် မွန်လူမျိုးများသာမက အခြားလူမျိုးများကလည်း ဝမ်းသာအားရကြပါသည်။ မွန်ပြည်နယ်တွင် မြို့နယ်ပေါင်း(၁၀)မြို့နယ်ရှိသည့်အနက် သံဖြူဇရပ်မြို့သည် အသက်အငယ်ဆုံးမြို့တမြို့ဟု ဆိုရပါမည်။ သံဖြူဇရပ်မြို့ အနှစ်တရာပြည့်ပြီဟု ဆိုစေကာမူ မြို့သစ်ဟု မဆိုနိုင်ပါ။ ယခင်အခါက ကျိုက္ခမီခရိုင်အဖြစ်မှ မော်လမြိုင်ခရိုင်အဖြစ် ပြောင်းလဲခဲ့သည်။ ထိုနောက် မကြာမီ ကျိုက္ခမီမြို့ဟူ၍ မထားဘဲ မွန်ပြည်နယ် မရမီ နှစ်အနည်းငယ်ခန့်က သံဖြူဇရပ်မြို့ဟူ၍ သတ်မှတ်ခဲ့သဖြင့် မြို့သက်မှာ ငယ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။ ခရီးသည်များ ရပ်နားရန် သံဖြူမိုးဇရပ်တဆောင်ကို အစွဲပြု၍ သံဖြူဇရပ်ရွာ သံဖြူဇရပ်မြို့ဟူ၍ ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ မြို့ဟူ၍ မသတ်မှတ်မီကပင် မြို့တမြို့ကဲ့သို့ နှစ်ပေါင်းများစွာကစပြီး စည်ကားခဲ့သည့်လမ်းဆုံလမ်းခွလည်း ဖြစ်ပြီး ခရီးလမ်းဆက်သွယ်ရေးကောင်းမွန်၍ စီးပွားရေးလုပ်ငန်းများကလည်း အလွန်တိုးတက်ခဲ့သဖြင့် မြို့တမြို့အဖြစ် သတ်မှတ်ခဲ့သည်မှာ အလွန်သင့်မြတ်လှပါသည်။ သံဖြူဇရပ်မြို့နှင့်တဆက်တည်းတွင် ဝါဂရူရွာရှိသည်၊ ၎င်းရွာသည် ဝါဂရူမြို့ဟူ၍ ရှေးက ထင်ရှားခဲ့သော မွန်မြို့ဟောင်းတမြို့ဖြစ်ပါသည်။ သံဖြူဇရပ်၏ တောင်ဘက် (၆)မိုင်ကွာတွင်လည်း မြို့ဟောင်းဟူ၍ ရှေးမွန်မြို့တမြို့ရှိခဲ့သေးသည်။ ဝါဂရူမြို့သည် ခရစ်နှစ်(၁၃)ရာစုလောက်က ထွန်းကားခဲ့ဟန်တူကြောင်းအဆိုကို မြန်မာနိုင်ငံ ကမ္ဗည်းကျောက်စာဝန်ဟောင်း တော်စိန်ခို၏ ရာမညဒေသခရီးစဉ်မှတ်တမ်းတွင် ဖတ်ရှုလေ့လာခဲ့ဘူးသည်။ ကောင်းကင် မြေတိုင်းဌာနက ရိုက်ကူးထားသော အာကာသဓါတ်ပုံကို လေ့လာလျှင် ဝါဂရူမြို့သည် ဆန္ဒင်းမကင်းပုံသဏ္ဍာန်ရှိကြောင်း တွေ့ရသည်။ မြို့ရိုးမှာ အလွန်မြင့်မားပြီး ကျုံးများမှာ အလွန်နက်ရှိုင်းသည်ကို စာရေးသူတို့ သွားရောက်လေ့လာတွေ့ရှိခဲ့ပါသည်။ ဝါဂရူမြို့နှင့်ပတ်သက်၍ မြန်မာသက္ကရာဇ် ၁၁၄၇–ခုနှစ်တွင် အမရပူရပထမမြို့တည်၊ နန်းတည် ဘိုးတော်မင်းတရား၏ သားတော် အိမ်ရှေ့မင်းသည် ထားဝယ်မြို့သို့စစ်ချီစဉ်က မုတ္တမမြို့သူ မွန်မမင်းအောင်က ၎င်း၏ ချစ်လင်အား ဆိုမြည်တမ်းတ လွမ်းဆွတ်သည့်အကြောင်းကို ဝါဂရူမြို့တွင် သံတော်ခံဖြစ်သူ ရာဇနန္ဒက စီကုံးရေးသားထား၍ ဆက်သသော စိတ်ဝင်စားဘွယ် မွန်မြန်မာကျေးစေရတုတပုဒ်ကို သတိရမိသည်။ ၎င်းရတုမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဇေယျတု၊ တခုမြတ္ငင်၊ သခင်နှစ်လို့၊ ပင်စိမ်းညို့သား၊ မွန်တို့ဘာသာ၊ တတ်မြောက်စွာသည်၊ မြန်မာ မကျွမ်း၊ ကျေးမှုထမ်း၊ အလွမ်းယှက်ကူး၊ နဲးကြူးစရဟန်(နဝဲတြဲဖြဟာန်–ချစ်လင်သခင်)၊ ကရွန်ဟု ကုမောင်(ကရော့ဟ္မံဂ္ဂံမံင်–အတူတက္ကမနေရ)။ သောင်းမျှဗိုလ်ပါ၊ ချီလေရာဝယ်၊ အပသေည်ညီ(အာ ပ္တိည်–သွားရောက်တင်လျှောက်ပါချေ)၊ ဦးဖြင့်ထိလော့၊ သီရိကြက်သရေ၊ ဒေဝါမယေ၊ သိန်းတန်မြဝယ်၊ လွှတ်ပသွတ်ချ(လုပ်ပသစ္စ–သစ္စာဝင်ပြု)တူတက္ကဟု၊ လဟန်ကလောတေ့ (လဟိုကွာတေ့–ယခင်က ပြောစကား)တစေ့စေ့သည်၊ အောက်မေ့မြင်တော်မူလိမ့်မည်။

၂။ ယခုညပင်၊ လွမ်းလှသောအား၊ မတန့်နားမှု၊ ဇယားမည်ဟူဝါဂရူမှ၊ ဟို့ဈင့်ယ်နီ၊(ဟ္မံဇဲ့ၟဏီ–မဝေး သေးမီ)တပ်တော်ချီလိမ့်၊ လမ်းစီမှတ်ရော်ကနက်ထော်လျှင်(တောက်ထပ်ဟောင်–ရွှေကျေးငှက်ပင်) လေယာဥ်ယူလော့၊ ကြင်သူသက်မျှ၊ တလင့်ီအွယ်(တသီၟအဲ–ကျွန်မချစ်လင်)တလေဘွယ်ခဲ့၊ မယ် လည်းငယ်သေး လူရေးမပွန်၊ စောသွန်သနန်(စွဲသုန်သွံ–၁၅နှစ်ရှယ်မျှ)ဒရင်ဟန်မောင်းရ(ဂရင်ဟို မံင်ရ–ဆိုမည်တမ်းက)ဖြစ်သမျှကို တောင်လှယှက်တွေ့၊ လျှောက်သရွှေ့သည်၊ နောက်ရှေ့ဆင်တော် မူလိမ့်မည်။

၃။ မပြုသချင်၊ ကိုယ်ကိုပင်တည့်၊ မရှင်သမို့၊ ဟို့တစူမုတ်(ဟ္မံကသူမုတ်–မျက်နှာမလိမ်း)စိတ်ရှုတ်သမ်းမို့၊ ဟို့တရိကလိုင်(ဟ္မံတယ်ကောင်–ဆံပင်ဆီမလိမ်း)ပိုင်သူစစ်မြေ၊ ချီရလေဟု၊ သွတ်လေဟို့ကျား၊ (သော် လေဟ္မံဖြုး–ဆံပင်မဖီး)သနားချစ်စိတ် တွိတ်လေဟို့လိန်(တိက်လေဟ္မံလှိုင်–အိပ်စက်၍ မပျော်ပါနိုင်) အစိန္တေယျော်၊ ဓါတ်မြွေတော်ဝယ်၊ နှောင်းမြော်မယ်ထူး၊ ကိုယ်တိုင်ဖူး၍၊ ကြည်နူးပန်ထွာ၊ အန္တရာ ပွဲး(အန္တရဝဲဘဲ–အန္တရာယ်ဘေး) ကွဲးသငွးအာရ(ကုၜသၟ်အာရ–ကင်းဝေးပါစေသော်) ဦးချခါခါ၊ ဆု ပန်ပါဟု၊ ကျေးဝါထပ်လျှောက်၊ နားတော်လျှောက်သည်၊ ထောက်ရှုကြင်တော်မူလိမ့်မည်။

သံဖြူဇရပ်နှင့်ဆက်စပ်နေသည့်ဝါဂရူမြို့နှင့်ဆိုင်သည့်အထက်ပါ မွန်မြန်မာကျေးစေရတုသည် စာပေ သမိုင်းတွင် အရှည်သဖြင့် တည်တန့်သွားပေမည်၊ စာပေအရသာနှင့်ပြည့်ဝပါပေသည်။

သံဖြူဇရပ်မြို့တွင် ထင်ရှားသည့်အင်္ဂလိပ်စစ်သင်းချိုင်းတခုရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ယိုး ဒယားမြန်မာမီးရထားလမ်းတခုကို ဂျပန်တို့က သံဖြူဇရပ်မှ စ၍ ဖောက်လုပ်ခဲ့သည်။ စစ်သုံ့ပန်းများနှင့်မြန်မာ ချွေးတပ်များစွာကို ရက်ရက်စက်စက် စေခိုင်းခဲ့သည်။ ငှက်ဖျားရောဂါနှင့်အခြားရောဂါများကြောင့် အသက် ပေါင်း မရေမတွက်နိုင်အောင် သေဆုံးခဲ့ရသည်။ ယိုးဒယားမြန်မာလမ်းသည် ဘုရားသုံးဆူတောင်ကြားလမ်း ကို ဖြတ်သန်းရသည်ဟု ကြားသိရပါသည်။ ဘုရားသုံးဆူတောင်ကြားလမ်းသည် အရှေ့တောင်အာရှသမိုင်း တွင် ထင်ရှားခဲ့သည့်သမိုင်းဝင်တောင်ကြားလမ်းတခု ဖြစ်သည်။ မြန်မာများသည် နတ်ထိပ်တောင်ကြားလမ်း ကို ဖြတ်၍ ကျောက်ဆည်သို့ စတင်ဝင်ရောက်ခဲ့သည်ဟု သမိုင်းပညာရှင်အချို့ ယူဆခဲ့ကြသည်။ မွန်များသည် လည်း ဤဘုရားသုံးဆူတောင်ကြားလမ်းမှတဆင့် သုဝဏ္ဏဘူမိရွှေတိုင်းပြည်သို့ ဝင်ရောက်ခဲ့လေသလောဟု စာရေးသူ တွေးတောမိသည်။ ယင်းသို့ဖြစ်လျှင် သံဖြူဇရပ်နေရာသည် လွန်ခဲ့သည့်နှစ်ပေါင်း ထောင်နှင့်ချီ ၍ ရှေးကျသည့်ကာလကပင် တည်ရှိခဲ့ပြီး မွန်လူမျိုးများသည် အရှေ့အရပ်မှ ဖြတ်ဝင်လာစဥ်က စခန်းချ

E-book is created by shanyoma

ရပ်နားခဲ့သည့်အစဉ်အလာနေရာတခုဖြစ်ကောင်း ဖြစ်ပေမည်။ ယခု ယိုးဒယားပြည်သည် ရှေးအခါက ထင်ရှားခဲ့သည့် မွန်နိုင်ငံတခုဖြစ်ခဲ့ဘူးသည်။ ယိုးဒယားလူမျိုးများ ယင်းနေရာသို့ မရောက်ကြသေးမီ မွန်လူမျိုးများ စတင်နေထိုင်နေပြီး ဒွါရဝတီနိုင်ငံကို တည်ထောင်ခဲ့ကြသည်။ ဒွါရဝတီမွန်နိုင်ငံသည် ခရစ်နှစ် အေဒီ ခြောက်ရာစုမှ တဆယ့်တစ်ရာစုအတွင်း ထွန်းကားခဲ့သည်။ ဒွါရဝတီမွန်နိုင်ငံ၏ အနောက်ဘက်နယ် အစွန်သည် သုဝဏ္ဏဘူမိ(ဝါ)သုဓမ္မဝတီပြည်နှစ်ခုအကြားတွင် တောင်ရိုးတောင်တန်းကြီးများရှိသည်။ မြဝတီ မဲဆောက်လမ်းကို ရှေးအခါကပင် အသုံးပြုခဲ့ဟန်တူသော်လည်း သံဖြူဇရပ်မှတဆင့် သွားရသည့်ဘုရားသုံးဆူတောင်ကြားလမ်းသည် ရှေးခေတ်ကပင် ထင်ရှားစွာ အသုံးပြုခဲ့သည့်အထောက်အထားများ တွေ့ရသည်။ အရှေ့တိုင်းသားများသည် အနောက်ဘက်သို့ ခရီးထွက်ခွာရာ၌ ဘုရားသုံးဆူလမ်းကို ဖြတ်၍ သံဖြူဇရပ်နေရာတွင် ရပ်နားခဲ့ဟန်တူသည်။ ခေါမ၊ ရောမနိုင်ငံသားများသည် အေဒီနှစ်ရာစုအတွင်းတွင် အရှေ့တိုင်းသို့ ကုန်ကူးသန်းရောင်းဝယ်ရေးကိစ္စဖြင့် ဖြတ်သန်းသွားရာ၌ သံဖြူဇရပ်မှတဆင့် ဘုရားသုံးဆူလမ်းကို ဖြတ်သန်းခဲ့ဘူးဟန် ရှိသည်။ ဘန်ကောက်မြို့ အနောက်ဘက်မိုင်(၅၀)ခန့်အကွာတွင် ခေါမ၊ ရောမလူမျိုးတို့ အသုံးပြုခဲ့သည့် ငှက်ပုံသဏ္ဍာန်ကြေးမီးအိမ်တခုကို တွေ့ရသည့်အထောက်အထားတခုကို အကြောင်းပြု၍ ဘုရားသုံးဆူတောင်ကြားလမ်းမှတဆင့် လာကြမည်ဟု ပညာရှင်များ ခန့်မှန်းခဲ့ကြသည်။ သံဖြူဇရပ်မှတဆင့် ဘုရားသုံးဆူတောင်ကြားလမ်းကို ဖြတ်သန်းခြင်းအားဖြင့် ခရီးသည်များသည် ပသျှူးကျွန်းဆွယ်ကို ပတ်မနေရတော့ပေ။ ခရီးတွင်ကျယ်စေရန်အလို့ငှာ ဤလမ်းကို ရွေးချယ်ကြခြင်း ဖြစ်ဟန်တူသည်။ သမိုင်းခေတ်အဆက်ဆက်ကတည်းကပင် သံဖြူဇရပ်မှတဆင့် ဘုရားသုံးဆူတောင်ကြားလမ်းကို အသုံးပြုခဲ့သည်သာမက ယနေ့အထိပင် ဤလမ်းကို လူအများ အသုံးပြုလျက်ပင် ရှိသေးသည်။ ထို့ကြောင့် သံဖြူဇရပ်မြို့သည် စီးပွားရေးနှင့်လူမှုရေးတွင် တနှစ်ထက်တနှစ် သာ၍ တိုးတက်ထွန်းကားလာမည်မှာ မြေကြီးလက်ခတ်၍ မလွဲဧကန်မုချ ဖြစ်မည်သာတည်း။ စီးပွားရေးနှင့်လူမှုရေးတွင် တိုးတက်လာသည်နှင့်အမျှ မွန်စာပေယဉ်ကျေးမှုဘက်တွင်လည်း တိုးတက်ထွန်းကားလာရန် မွန်လူမျိုးများသည် အစဉ်မပြတ် သတိထား၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းကို နှလုံးသွင်းထားကြရမည် ဖြစ်သတည်း။

(နိုင်ပန်းလှ)

မှတ်ချက်။ ။သံဖြူဇရပ်ရာပြည့်မဂ္ဂဇင်း၊ (၁–၁၂–၁၉၇၄)ခုနှစ်ထုတ် စာမျက်နှာ(၄၃ မှ ၄၅ အထိ)၌လာရှိသောဆောင်းပါးကို ပြင်ဆင်ခြင်းမရှိဘဲ ရိုက်နှိပ်ထားပါသည်။ မွန်စာပေကို နားမလည်၍ အကယ်၍ စာလုံးများ အနည်းငယ် တိမ်းစောင်း မှားယွင်းခဲ့လျှင် ခွင့်လွှတ်ပါရန် ကြိုတင်တောင်းပန်အပ်ပါသည်။ အချို့မွန်စာလုံးများမှာ ဖောင့်တွင် မရှိ၍ အဆင်ပြေသလို ရိုက်လိုက်ရပါသည်။

E-book is created by *shanyoma*